ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန)

# စေတုတ္တရာမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development plan (VDP)

မကျွပ်ကိုင်းကျေးရွာအုပ်စု၊ မကျွပ်ကိုင်းကျေးရွာ

၂၀၁၇ ခုနှစ်

စေတုတ္တရာမြို့နယ်

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်း (PRA/PSA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ -၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ - ၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# စေတုတ္တရာမြို့နယ်ပြမြေပုံ



# မကျပ်ကိုင်းကျေးရွာအုပ်စု
# အခြေပြမြေပုံ






## မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ မကျွပ်ကိုင်းကျေးရွာအုပ်စု၊

## မကျွပ်ကိုင်းကျေးရွာ အကွက်ချမြေပုံ




| ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | | | စာသင်ကျောင်း အဆောက်အဦးများစာရင်း | ဘုန်းတော်ကြီးကျောင်း အဆောက်အဦးများစာရင်း | ပညာရေး အဆောက်အဦးများစာရင်း | ဘာသာရေး အဆောက်အဦးများစာရင်း | ကျန်းမာရေး အဆောက်အဦးများစာရင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | | | | |
| မကျွပ်ကိုင်း | ၁၅၆ | ၁၆၄ | ၃၀၁ | ၃၄၁ | ၆၄၂ | ၁ | ၃ | - | ၁ | - | |

# လူထုဗဟိုပြုစီမံကိန်းမှလူထုပူးပေါင်းပါဝင်သောနည်းဖြင့်ဒုတိယနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး ( ၂၀၁၆ ) ခုနှစ်

ကျေးရွာအုပ်စုအမည် - မဏ္ဍပ်ကိုင်း　　ကျေးရွာအမည် - မဏ္ဍပ်ကိုင်း　　ရက်စွဲ ၃၁-၁၂-၂၀၁၅

**၁။ ကျေးရွာသမိုင်းကြောင်း**

မဏ္ဍပ်ကိုင်းကျေးရွာသည် လွန်ခဲ့သောခရစ်နှစ် ၁၈၅၀-ခုနှစ် ကတည်းက အိမ်ခြေပေါင်း (၃၃) အိမ်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ပညာရေးကျောင်းများမရှိခဲ့ပေ။ ၁၉၆၅ - ခုနှစ်တွင် ကျောင်းဒကာကြီး ဦးထွန်းငွေနှင့် ကျောင်းအမကြီး ဒေါ်လှတင် တို့မှ ဘုန်းတော်ကြီးကျောင်း တော်ကြီးကို တည်ဆောက်ပြီး ဦးပဇင်း ဦးပဏ္ဍိစ အား ပင့်လျှောက်ပြီး ကျောင်းထိုင်စေခဲ့ပါသည်။ ပညာရေးအနေဖြင့် ရွာအနီးနားရွာများမှ ကလေးများ မဏ္ဍပ်ကိုင်းဘုန်းကြီးကျောင်းတွင် လာရောက် ပညာသင်ကြားကြပါသည်။ ၁၉၆၆ ခုနှစ်တွင် မဏ္ဍပ်ကိုင်းကျေးရွာသို့ ကျောက်တန်းရွာမှ အိမ်ခြေ (၁၁)အိမ်နှင့် ရေပုတ်ကိုင်းရွာမှ အိမ်ခြေ(၁၂)အိမ်၊ ကျောက်တလုံးရွာမှ အိမ်ခြေ(၁၀)အိမ်တို့သည် စုပေါင်း၍ မဏ္ဍပ်ကိုင်းကျေးရွာတွင် ရွာလေးရွာ ပေါင်းစု၍နေထိုင်ကြသည်။ ၁၉၆၈ - ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ ကျေးရွာသည် ကြီးအုံ ကြီးဝတမံ တည်ဆောက် ခဲ့သောကြောင့် ကျေးရွာပိုင်လယ်ယာမြေအားလုံးရေဝပ်ဧရိယာတွင်ပါဝင်၍ ဆုံးရှုံးနစ်မြုပ်ခဲ့ရပြီး ၂၀၁၁-ခုနှစ်တွင် ကျေးရွာကို ရွာ၏အနောက်တောင်ကုန်းပေါ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ကျေးရွာသည် စေတုတ္တရာမြို့၏ တောင်ဘက်(၁၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ ဘက်တွင် ကြီးချောင်း၊ မုံညှင်းကျေးရွာ၊ တောင်ဘက်တွင် အောက်ဝေါကျေးရွာ၊ မြောက်ဘက်တွင် ပဲရင်းကိုင်း၊ တောင်ကုန်း၊ တယ်စားရွာများရှိပြီး အနောက်ဘက်တွင် ငဖဲ - စေတုတ္တရာ - ဂန့်ဂေါ ခရိုင်လမ်းနှင့်ရခိုင်ရိုးမအနွယ်ဝင် တောင်တန်းများရှိပါသည်။ ကျေးရွာသူကျေးရွာသား အားလုံး ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်၍ ကျပန်းလုပ်ကိုင် စားသောက်ကြသည်။ မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း (၁)ကျောင်းရှိပါသည်။ အမျိုးသားဦးရေ (၃၀၄)ယောက်နှင့် အမျိုးသမီး (၃၄၀)ယောက် စုစုပေါင်းဦးရေ (၆၄၄)ယောက် တို့ဖြစ်ကြသည်။

**ပါဝင်ဆွေးနွေးသူ**　　　　**မှတ်တမ်းတင်သူ**

ကျား ( ၂ )　　　　အမည် - ဒေါ်သန်းသန်းဆွေ
မ　( ၂ )

လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၃၁.၁၂.၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၃၃ | ၇၀ | ၁၀၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calender) | ၃၁.၁.၂၀၁၉ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၃ | ၇၀ | ၁၀၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၃ | ကျေးရွာလူနေမှုပြသယံဇာတမြေပုံ (social Map/Resource Map) | ၃၁.၁.၂၀၁၉ | ရပ်မိ၊ရပ်ဖ ကော်မတီဝင်များ | ၃၃ | ၇၀ | ၁၀၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၁.၁.၂၀၁၈ | အမျိုးသား၊ အမျိုးသမီးများ | ၄၉ | ၆၁ | ၁၁၀ | ဆွေးနွေးထားသောအခြေခံအဆောက်အဦးများနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ |
| ၅ | ကျေးရွာ၏ငါးနှစ်စာဦးစားပေး အစီအစဉ်(Pair Wise) | ၁.၁.၂၀၁၈ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၄၉ | ၆၁ | ၁၁၀ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်နှင့်အဓိကလိုအပ်ချက်များပေါ်မူတည်ပြီးဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၃၁.၁၂.၂၀၁၉ | ရှးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၃၃ | ၇၀ | ၁၀၃ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၃၁.၁၂.၂၀၁၉ | အမျိုးသား၊ အမျိုးသမီးများ | ၃၃ | ၇၀ | ၁၀၃ | အမျိုးသား၊ အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | အမျိုးသား၊<br>အမျိုးသမီးများ၏<br>တနေ့တာလုပ်ငန်းသုံးသပ်မှု<br>(Men၊Women timeline) | ၃၁.၁၂.၂၀၁၆ | အမျိုးသား၊<br>အမျိုးသမီးများ | ၃၃ | ၇၀ | ၁၀၃ | အမျိုးသား၊<br>အမျိုးသမီးများ၏တနေ့တာအလုပ်ချိန်နှင့်အားလပ်ချိန်များသုံးသပ်ချက် |
| ၉ | အိမ်မက်ပြမြေပုံ<br>(Dream Map) | ၁.၁.၂၀၁၆ | ကျေးရွာစီထောက်<br>အဖွဲ့၊ကျေးရွာလူထု | ၄၉ | ၆၁ | ၁၁၀ | နောင်တချိန်ကျေးရွာတွင်ဖြစ်စေလိုသောအနာဂတ်မြင်ကွင်းများထည့်သွင်းရေးဆွဲခြင်း |
| ၁၀ | ကျေးရွာသမိုင်းကြောင်း<br>(village Histoy) | ၃၁.၁၂.၂၀၁၆ | ကျေးရွာစီထောက်<br>အဖွဲ့၊ကျေးရွာလူထု | ၂ | ၂ | ၄ | ကျေးရွာဖြစ်ပေါ်လာပုံသမိုင်းကြောင်း |

မလွှာပါကိုင်းကျေးရွာ၏ အနာဂတ် မြေပုံ သုံးသပ်ချက်




ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉

မ - ၆၁

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု

## မဏ္ဍပ်ကိုင်းကျေးရွာ၏ အနာဂတ်မြေပုံ သုံးသပ်ချက်

နေ့စွဲ - ၁ . ၁ . ၂၀၁၆

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍပ်ကိုင်းကျေးရွာ၏ နောက်(၁၀)နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့် စိတ်ကူးအား အောက်ပါအတိုင်းတွေ့ရှိရပါသည်။

ကျေးရွာတွင် ကျေးရွာ၏ အလှူပွဲများနှင့်မင်္ဂလာဆောင်များပြုလုပ်ခြင်းနှင့် ကျေးရွာလူစု လူဝေးများပြုလုပ်ရာတွင် အဆင်ပြေရန် ကျေးရွာခန်းမဆောက်လုပ်ခြင်း။

ကျေးရွာတွင် ကလေးငယ်များအတွက် အားကစားကွင်းများ လိုအပ်ခြင်း။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသည့်အတွက် EPC နှင့် ချိတ်ဆက်၍ ကျေးရွာလျှပ်စစ်မီး ရရှိစေရန် ဆောင်ရွက်ခြင်း။

ကလေးငယ်များအတွက် စာသင်ကြားရန် မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း။

ကျေးရွာတွင် အလယ်တန်းတက်ရန် ကျောင်းသားများအတွက် အလယ်တန်းကျောင်း ဆောင် ရရှိခြင်း။

ရွာတောင်ဘက်နှင့် မြောက်ဘက်ကူးရန် တံတားတည်ဆောက်ခြင်း။

ကျေးရွာတွင် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်စေရန် မွေးမြူရေးနှင့် စိုက်ပျိုးရေးအတွက် ကုန်းမြင့်လယ်ယာများဖော်ထုတ်ပေးခြင်း။

ကျေးရွာတွင် ကျန်းမာရေးအတွက် ဆေးပေးခန်းဆောက်လုပ်ခြင်း။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့်ရွာတွင်းနှင့်ရွာခြင်းဆက်လမ်းအားကတ္တရာလမ်းခင်းခြင်း

ကျေးရွာတွင် ဗဟုသုတပြည့်စုံစေရန် စာကြည့်တိုက်ဆောက်လုပ်ခြင်း။

ဤသို့ဖြင့် ကျေးရွာတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပမ်း ဆက်သွယ်ရေးနှင့် လူနေမှုအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာသော ကျေးရွာတစ်ရွာဖြစ်လာမည်ဟု မျှော်လင့်ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးစွမ်းထက်အောင်မြင်

ပါဝင်ဆွေးနွေးသူ - ကျား (၄၉) မ (၆၁)

... မြေပုံ ရေးဆွဲခြင်း

မြို့နယ် ............ ကျေးရွာအုပ်စု ............ ကျေးရွာ ............ ရက်စွဲ ............




ပါဝင်ဆွေးနွေးသူ -

ကျား - ၃၃

မ - ၇၀

မှတ်တမ်းတင်သူ

## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု

## မဏ္ဍပ်ကိုင်းကျေးရွာ၏ အရင်းအမြစ် လူမှုရေးပြမြေပုံသုံးသပ်ချက်

နေ့စွဲ - ၃၁ . ၁၂ . ၂၀၁၅

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍပ်ကိုင်းကျေးရွာသည် အိမ်ခြေစုစုပေါင်း(၁၅၈)အိမ်ရှိပြီး အိမ်ထောင်စုပေါင်းမှာ(၁၅၉) အိမ်ရှိပါသည်။ လူဦးရေမှာ အမျိုးသား(၃၀၄)ဦးရှိပြီး၊အမျိုးသမီး(၃၄၀)ဦးရှိပြီး စုစုပေါင်းမှာ(၆၄၄) ဦးရှိပါသည်။ နေအိမ်အခြေအနေများမှာ ပျဉ်ထောင်အိမ်သွပ်မိုး၊ သစ်ကြီးအိမ်၊ ဝါးအိမ်၊ သက်ကယ်မိုး အိမ် အမျိုးအစားများဖြစ်ပြီး ဗမာလူမျိုးများဖြစ်ကြသည်။ ချင်းလူမျိုးအိမ်(၁)အိမ်ရှိသည်။ ကျေးရွာတွင် စေတီ(၂)ဆူရှိပြီး ဘုန်းတော်ကြီးကျောင်း(၁)ကျောင်းရှိပါသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ မဏ္ဍပ်ကိုင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုး ခြင်းလုပ်ငန်းနှင့် ထင်းခုတ်၊ဝါးခုတ်ခြင်း၊ ငါးရှာခြင်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ မဏ္ဍပ်ကိုင်း ကျေးရွာတွင် ကြီးအုံ-ကြီးဝ တမံကြီးအရှိခင်က ယာမြေများစွာရှိခဲ့ပါသည်။၂၀၁၀ တွင်တမံကြီးပြီး ဆုံး၍ယာမြေအားလုံးဆုံးရှုံးခဲ့ရပါသည်။ ကျေးရွာတွင်လယ်မြေအနည်းငယ်သာကျန်ရှိပါသည်။ ကျေးရွာလူထုအများစုများ လုပ်ကိုင်စားသောက်နိုင်သော လယ်ယာမြေများမရှိသည့်အတွက် ရွာ၏အနောက်ဘက်တောကိုအမှီပြု၍ ဝါးခုတ်ခြင်းလုပ်ငန်းများ လုပ်ကိုင်စားသောက်ကြသည်။

ရွာ၏အရှေ့ဘက်တွင် ကြီးအုံ-ကြီးဝတမံမှ ရေပြင်ကြီးနှင့်ငမတောင်တန်းကြီးရှိသည်။ ရွာတောင်ဘက်တွင် အောက်ဝေါကျေးရွာရှိပါသည်။ရွာ၏မြောက်ဘက်တွင် တမံကြီးရှိပြီး အနောက်ဘက်တွင် ရခိုင်ရိုးမတောင်တန်းအနွယ်ဝင် တောင်တန်းများရှိပါသည်။ အနောက်ဘက်တွင် ငဖဲ-စေတုတ္တရာ-ဂန့်ဂေါ ခရိုင်ချင်းဆက်လမ်းရှိပြီး ကျေးရွာနှင့်(၁ )မိုင် (၄)ဖာလုံဝေးပါသည်။

ကျေးရွာလူထု၏ ဝင်ငွေရရှိသည့်လုပ်ငန်းများမှာ အစိုးရမှပေးထားသော တစ်အိမ်ထောင် လျှင်(၃)ဧကခန့်ကျယ်ဝန်းသော တောင်ယာလုပ်ငန်း၊ သစ်၊ ဝါးခုတ်ခြင်းလုပ်ငန်း၊ ကျပန်းလုပ်ငန်း နှင့် ရေလုပ်ငန်းများရှိပါသည်။

**သောက်သုံးရေရရှိမှု**

မဏ္ဍပ်ကိုင်းကျေးရွာတွင် သောက်သုံးရေကို ရွာ၏တောင်ဘက်ရေတွင်းမှ ရေတင်စက်ဖြင့် တင်ပြီး ရေသိုလှောင်ကန်ဂါလံ(၈၀၀၀)ဆန့်ရေကန်(၁)ကန် (ဆည်မြောင်း)နှင့် ဂါလံ(၅၀၀၀)ဆန့် ရေကန်(CDD)ဟု(၂)ကန်တည်ရှိပြီး ရေငုတ်(၄၀)ဖြင့် ကျေးရွာတွင်းသို့ ဖြန့်ဝေပါသည်။ ယခုစက်ရေ တင်ကို သောက်သုံးရေနှင့်သုံးစွဲရေအဖြစ်သုံးစွဲကြပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

မဏ္ဍပ်ကိုင်းကျေးရွာရှိ ရွာမြောက်ပိုင်းလမ်းသွယ်နှင့် တောင်ဘက်လမ်းမကြီးမလွဲ၍ ကျန်လမ်းသွယ်အားလုံးမှာ မိုးရွာသီတွင်ရွံ့ထူထပ်ပါသည်။ အခြားကျေးရွာများသို့ သွားလာရာတွင် ကျောက်ခင်းလမ်းများဖြစ်သဖြင့် သွားရေးလာရေးအဆင်ပြေပါသည်။ ရွာအဝင်တွင် တောင်တက်ဖြင့်သဖြင့် မိုးရာသီတွင်အနည်းငယ် ခက်ခဲပါသည်။

**ပညာရေး**

မဏ္ဍပ်ကိုင်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁) ကျောင်းရှိပါသည်။ဆရာ၊ ဆရာမ(၅)ဦးရှိပြီး ကျောင်းသားဦးရေ(၈၀)ဦးပညာသင်ကြားလျှက်ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းကို အောက်ဝေါကျေးရွာ အလယ်တန်းကျောင်းနှင့် စေတုတ္တရာ အ.ထ.က သို့ သွားရောက်ပညာသင်ကြားရပါသည်။ အချို့ ချို့တဲ့သောကလေးများမှာ မူလတန်းအဆင့်နှင့် ကျောင်းထွက်ကြရပါသည်။

**ကျန်းမာရေး**

မဏ္ဍပ်ကိုင်းကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် နေမကောင်းဖြစ်လျှင် ရွာတွင်းရှိ ကျန်းမာရေးလုပ်သားနှင့်ပြသရသည်။နေမကောင်းအပြင်းအထန်ဖြစ်လျှင် ကြီး၀ ဆေးပေးခန်းနှင့် စေတုတ္တရာမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ မဏ္ဍပ်ကိုင်းကျေးရွာနှင့် စေတုတ္တရာ (        )မိုင် ကွာဝေးပါသဖြင့် သွားရောက်ကုသရာတွင် ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်တို့ကို ငှားသွားရသဖြင့် ငွေကြေးချို့တဲ့သူများအတွက် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။

**ပြဿနာအနှစ်ချုပ်**

မဏ္ဍပ်ကိုင်းကျေးရွာရှိ လမ်းမကြီးမှာ ကျောက်ခင်းလမ်းဖြစ်သော်လည်း အခြားလမ်းသွယ်များသည် မြေသားလမ်းများဖြစ်သဖြင့် မိုးရွာသီတွင်ရွံ့ထူထပ်ပြီး သွားလာရခက်ခဲခြင်း ရွာခြင်းဆက်လမ်း( ၁ )မိုင်(၄)ဖာလုံမှ ကျောက်ခင်းလမ်းဖြစ်သော်လည်း တောင်တက်နေရာပေ(၄၀၀)တွင် ကားများမိုးရာသီတွင်သွားလာ၍မရပါ။ ကျေးရွာတွင် ဆေးပေးခန်းမရှိသည့်အတွက် ကြီး၀ ဆေးပေးခန်းသို့ သွားရောက်ဆေးကုသရသဖြင့် ငွေကြေးချို့တဲ့သူများအဖို့ အခက် အခဲရှိပါသည်။

မှတ်တမ်းတင်သူ - ဒေါ်သန်းသန်းဆွေ

ပါဝင်ဆွေးနွေးသူ - ကျား (၃၃) မ (၇၀)

# ရာသီစွင်ပြ ပြက္ခဒိန်

ရက်စွဲ ၃၁.၁၂.၂၀၁၅

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | အိမ်ထောင်စုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဖပါး | | | | ပျိုးထောင် | စိုက် | - | ပေါင်းသုတ် | - | သိမ်း | သိမ်း | - | - | ၆၅ |
| ကုလားပဲ | - | - | - | - | - | - | ပဲစိုက် | ပဲစိုက် | - | - | ပဲသိမ်း | | |
| သစ်,ဝါးခုတ် | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ၁၀ |
| ငါးရှာ | ✓ | ✓ | ✓ | | | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ၁၇ |
| ဆန်စပါး | | ယာထွန် | စိုက် | ပေါင်းသုတ် | - | ရိတ်သိမ်း | - | - | - | - | - | - | ၅၀ |
| ဝင်ငွေ | | | | | | * * * | * * | * * | | * | * * | - | |
| ရာသီပွဲတော် | သင်္ကြန်ပွဲ | - | - | - | - | - | မီးထွန်းပွဲ | တန်ဆောင်တိုင် | - | - | ထမနဲပွဲ | - | |
| ရာသီဥတု |  | | | | | | | | | | | | |
| | | | | | | | | | | | | | |

**မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု**

**မဏ္ဍပ်ကိုင်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်**

| | |
|---|---|
| ရက်စွဲ | - ၃၁ . ၁၂ . ၂၀၁၅ |
| အစည်းအဝေးစတင်ချိန် | - နံနက် ( ၈ ) နာရီ |
| စတင်ဆွေးနွေးချိန် | - နေ့လည် ( ၂ ) နာရီ |
| ပြီးဆုံးချိန် | - နေ့လည်(၂)နာရီ (၄၅)မိနစ် |
| ကြာချိန် | - ( ၄၅ ) မိနစ် |
| နေရာ | - ရွာလယ်စုရပ်ဆောင် |

မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းအုပ်စု ၊ မဏ္ဍပ်ကိုင်းကျေးရွာ၏ ရွာလယ်စုရပ်ဆောင်တွင် (၃၁.၁၂.၂၀၁၅) ရက်နေ့ နေ့တွင် ရာသီခွင်ဇယားသုံးသပ်ခြင်း အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

မဏ္ဍပ်ကိုင်းကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုကဆုန်မှစတင်၍ ပျိုးကျဲခြင်း၊ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ ပေါင်းနုတ်ခြင်း၊ နှမ်းစိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ နတ်တော်လတွင် စပါးရိတ်ခြင်း၊ ပဲသိမ်းခြင်းများ ပြုလုပ်ကြပါသည်။ အမျိုးသမီးများ၏ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာမြေပိုင်ဆိုင်သူ လယ်ပိုင်ယာပိုင်များထံတွင် ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ ပဲကြဲခြင်း၊ ပေါင်းချခြင်း၊ နှမ်းရိတ်ခြင်း၊ ပဲခုတ်ခြင်း လုပ်ငန်း များတွင် လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများ၏ နေ့စားလုပ်အားခမှာ(၃၀၀၀)ရရှိပါသည်။ နွား၊ ဝက်၊ ကြက် များကိုလည်း တနိုင်တပိုင် မွေးမြူကြပါသည်။ ကျေးရွာ၏ပွဲတော်ရက်များမှာ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ဝါဆိုလတွင် သင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်ပွဲ၊ တပို့တွဲလတွင်ထမနဲပွဲတို့ဖြစ်ကြပါသည်။ ရာသီဥတုအခြေအနေမှာတန်ခူးလ၊ ကဆုန်လ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်း၊ တပေါင်းလများတွင် သာယာပြီး၊ နယုန်လတွင် မိုးအနည်းငယ်ရွာသွန်းကာ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မိုးရွာသွန်းမှုများပြားပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် အလွန်ချမ်းအေးလှပါသည်။

သစ်ခုတ်လုပ်ငန်းများကို တန်ခူး၊ ကဆုန်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် လုပ်ကိုင်ကြပါသည်။ မဏ္ဍပ်ကိုင်းကျေးရွာသည် နယုန်၊ ဝါဆို၊ ဝါခေါင်လများနှင့် ပြာသို တပို့တွဲလများတွင် ဝင်ငွေနည်းပါးပြီး တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ဝင်ငွေအသင့်အတင့် ရှိပါသည်။

**ပြဿနာ အနှစ်ချုပ်**

မဏ္ဍပ်ကိုင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ မိုးရာသီတွင် စပါးစိုက်ပျိုးခြင်းလုပ်ငန်းများကိုလုပ်ကိုင်ကြပြီး နွမ်းပါးသူများသည် အငှားလိုက်ခြင်း၊ သစ်ဝါးခုတ်ခြင်း၊ နွားမွေးဘက်၊ ဝက်မွေးဘက်များယူ၍ နေထိုင်စားသောက်ကြရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးမျိုးမြင့်ဝင်း

ပါဝင်ဆွေးနွေးသူ - ကျား (၃၃) ဦး

မ ( ၇၀) ဦး

ကျေးရွာနှင့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြမြေပုံ

ရက်စွဲ ၃၁.၁၂.၂၀၁၆






## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု

## မဏ္ဍပ်ကိုင်းကျေးရွာ၏ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်ပုံ သုံးသပ်ချက်

နေ့စွဲ -၁ . ၁ . ၂၀၁၆

နေရာ - စုရပ်ဆောင်

မဏ္ဍပ်ကိုင်းကျေးရွာ၏ အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်ပုံ အစည်းအဝေးကို (၃၁.၁၂.၂၀၁၅) ရက်နေ့တွင် ရွာလယ်စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု ၊ မဏ္ဍပ်ကိုင်းကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေး ၊ ကျေးရွာဖွံ့ထောက်ကော်မတီ ၊ ဂေါပကအဖွဲ့ ၊ ကျောင်းပညာရေးအဖွဲ့ ၊ လူထုဗဟိုပြုကောမတီ ၊ ရေကော်မတီ ကလေးသူငယ်စောင့်ရှောက်ရေး ၊ အရံမီးသတ်ကော်မတီ ၊ သမအဖွဲ့တို့ဖြစ်ကြသည်။

### "ကျေးရွာအုပ်ချုပ်ရေးအဖွဲ့"

၎င်းအဖွဲ့အစည်းသည် မဏ္ဍပ်ကိုင်းကျေးရွာတွင် ကျန်အဖွဲ့အစည်းများအနက် အာဏာအရှိဆုံးဖြစ်သည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအားအားသွန်ခွန်စိုက်လုပ်ဆောင်သည်။ရပ်ရွာလူထုနှင့် ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများတွင် တိုင်ပင်ညှိနှိုင်းဆောင်ရွက်သည်။

### "ကျေးရွာဖွံ့ထောက်ကော်မတီ"

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်သည်။

### "ဘာသာရေးဂေါပကအဖွဲ့"

- ဘာသာရေးကိစ္စရပ်များ အားလုံးဆောင်ရွက်သည်။
- အလှူပွဲများနှင့် သာရေး နာရေး ကိစ္စများ ၊ အခါကြီးရက်ကြီးများတွင် ဘုန်းကြီးကျောင်း ဝေယျာဝစ္စ ဆောင်ရွက်ပေးရပါသည်။

### "ကျောင်းပညာရေးအကျိုးတော်ဆောင်အဖွဲ့"

- ကျောင်းပညာရေးလိုအပ်ချက်များတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ရသည်။

### "ကျန်းမာရေးအဖွဲ့"

ကလေးသူငယ်များနှင့် နေထိုင်မကောင်းဖြစ်လျှင် ဆောင်ရွက်ပေးပါသည်။

### "လူထုဗဟိုပြုကော်မတီ"

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်ပါဝင်ဆောင်ရွက်သည်။

"ရေကော်မတီ"

ကျေးရွာ၏ သောက်သုံးရေများအဆင်ပြေစွာသုံးစွဲနိုင်ရန်နှင့်ရေရရှိရေးနှင့်ပတ်သက်သည့် လည်ပတ်ထိန်းသိမ်းရေး အစီအစဉ်များကိုလည်း ဆောင်ရွက်ရသည်။

"ကလေးသူငယ်ရှောက်ရေး"

ကျေးရွာတွင်းရှိ ကလေးသူငယ်များနှင့်ပတ်သက်သည့် ဗဟုသုတများ ဖြန့်ဝေပေးခြင်းနှင့် နေထိုင်မကောင်းသော ချို့တဲ့သူများအား ငွေကြေးထောက်ပံ့ပေးသည်။

"အရန်မီးသတ်အဖွဲ့"

နွေရာသီတွင် အရန်မီးသတ်အဖွဲ့များသည် အိမ်တိုင်ရာရောက် မီးလိုက်စစ်ရခြင်း၊ မီးကင်းလှည့်ခြင်းများတွင် ဆောင်ရွက်ရသည်။

"သမအဖွဲ့"

ကျေးရွာလူထုအနေဖြင့် စားဝတ်နေရေး အခြေအနေများတွင် အခက်အခဲများရှိပါက အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးသော အသင်းအဖွဲ့များ ဖြစ်ပါသည်။

**အနှစ်ချုပ်**

မဏ္ဍပ်ကိုင်းကျေးရွာ၏ ဖွံ့ဖြိုးရေးကို အဓိကဆောင်ရွက်သော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ ၊ လူထုဗဟိုပြု စီ၊ထောက်ကော်မတီ ၊ ပညာရေးကျောင်းအကျိုးတော်ဆောင်အဖွဲ့ ၊ ရေကော်မတီအဖွဲ့တို့ဖြစ်ပါသည်။ ကျန်သည့် အဖွဲ့အစည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးရေးအလုပ်များတွင် အချင်းချင်းတိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကျော်ဇေယျ

ပါဝင်ဆွေးနွေးသူ - ကျား (၄၉) ဦး<br>မ (၆၁)

# အမျိုးသမီး အမျိုးသား တစ်နေ့တာ လုပ်ဆောင်ချက်

ရက်စွဲ ၃၁.၁၂.၂၀၁၅

| အချိန် | အမျိုးသမီး တစ်နေ့တာ လုပ်ဆောင်ချက် | အချိန် | အမျိုးသား တစ်နေ့တာ လုပ်ဆောင်ချက် |
|---|---|---|---|
| ၁း၀၀ | အိပ် | ၁း၀၀ | အိပ် |
| ၂း၀၀ | အိပ် | ၂း၀၀ | အိပ် |
| ၃း၀၀ | အိပ် | ၃း၀၀ | အိပ် |
| ၄း၀၀ | အိပ်ရာထ၊ နံနက်စာ ထမင်းချက် | ၄း၀၀ | အိပ် |
| ၅း၀၀ | အိမ်မှုကိစ္စတွေလုပ်၊ ထမင်းစား | ၅း၀၀ | နံနက်စာထမင်းစား၊ အလုပ်သွား |
| ၆း၀၀ | ယာထဲသွား၊ အလုပ်သွား | ၆း၀၀ | အလုပ်သွား |
| ၇း၀၀ | " | ၇း၀၀ | " |
| ၈း၀၀ | " | ၈း၀၀ | " |
| ၉း၀၀ | " | ၉း၀၀ | " |
| ၁၀း၀၀ | အလုပ်ပြန်၊ ထမင်းချက်၊ | ၁၀း၀၀ | " |
| ၁၁း၀၀ | ရေချိုး ထမင်းစား၊ | ၁၁း၀၀ | ရေချိုး၊ ထမင်းစား |
| ၁၂း၀၀ | အနားယူ၊ အိမ်မှုကိစ္စလုပ် | ၁၂း၀၀ | အနားယူ၊ နွားစာကျွေး |
| ၁၃း၀၀ | အလုပ်သွား | ၁၃း၀၀ | အလုပ်သွား |
| ၁၄း၀၀ | " | ၁၄း၀၀ | လုပ်ငန်းခွင် |
| ၁၅း၀၀ | " | ၁၅း၀၀ | လုပ်ငန်းခွင် |
| ၁၆း၀၀ | " | ၁၆း၀၀ | လုပ်ငန်းခွင် |
| ၁၇း၀၀ | ညစာထမင်းချက်၊ ရေချိုး | ၁၇း၀၀ | လုပ်ငန်းခွင် |
| ၁၈း၀၀ | ထမင်းပြင်၊ ထမင်းစား | ၁၈း၀၀ | နွားကျွေး၊ ရေချိုး၊ ထမင်းစား |
| ၁၉း၀၀ | ကလေးတွေကိုစာပြ၊ [illegible] | ၁၉း၀၀ | မိသားစု တိုင်ပင်ဆွေးနွေး |
| ၂၀း၀၀ | " | ၂၀း၀၀ | " |
| ၂၁း၀၀ | ဘုရားရှိခိုး၊ အိပ်ရာဝင် | ၂၁း၀၀ | အိပ်ရာဝင် |
| ၂၂း၀၀ | အိပ် | ၂၂း၀၀ | " |
| ၂၃း၀၀ | အိပ် | ၂၃း၀၀ | " |
| ၂၄း၀၀ | အိပ် | ၂၄း၀၀ | " |

မှတ်တမ်းတင်သူ

ဦးမျိုးမြင့်ဝင်း

## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍာပ်ကိုင်းကျေးရွာအုပ်စု
## မဏ္ဍာပ်ကိုင်းကျေးရွာ၏ အမျိုးသား ၊ အမျိုးသမီး တစ်နေ့တာအလုပ်ချိန်

နေ့စွဲ - ၃၁ . ၁၂ . ၂၀၁၆

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍာပ်ကိုင်းကျေးရွာ၏ အမျိုးသား ၊ အမျိုးသမီး တစ်နေ့တာအလုပ်ချိန်ဇယား သုံးသပ်ချက်ကို (၃၁.၁၂.၂၀၁၅) ရက်နေ့ ရွာလယ်စုရပ်ဆောင်တွင် ကျင်းပခဲ့ပါသည်။

မဏ္ဍာပ်ကိုင်းကျေးရွာရှိ အမျိုးသမီးများသည် နံနက်စောစော (၄)နာရီတွင် အိပ်ယာထပြီး နံနက်စောစော ထမင်းချက်ရပါသည်။ မနက်(၅)နာရီတွင် အိမ်မှုကိစ္စတွေလုပ် ထမင်းစားပြီး (၆)နာရီတွင် လယ်ယာလုပ်ငန်းခွင်သို့ သွားကြပါသည်။ မနက်(၁၀)နာရီတွင် လုပ်ငန်းခွင်မှ အိမ်ပြန်ပြီး နေ့လည်စာ ထမင်းဟင်းချက်ပြုတ်ကြရပါသည်။ (၁၁)နာရီတွင် ရေချိုး၊ ထမင်းစားပြီး အနားယူပါသည်။ (၁၂)နာရီတွင် အနားယူပြီး အိမ်မှုကိစ္စလုပ်ပြီး နေ့လည်(၁)နာရီတွင် လယ်ယာလုပ်ငန်းခွင်သို့ သွားကြပါသည်။ ညနေ(၅)နာရီတွင် အလုပ်သိမ်းပြီး အိမ်ပြန်၊ ညစာထမင်းချက်ပြုတ်ကြရသည်။ ညနေ(၆)နာရီတွင် ရေချိုး ထမင်းစားကြပြီး ည(၇)နာရီအချိန်တွင် ကလေးတွေစာပြကြပါသည်။ ည(၉)နာရီတွင် ဘုရားရှိခိုးပြီး အိပ်ယာဝင်ကြပါသည်။

မဏ္ဍာပ်ကိုင်းကျေးရွာရှိအမျိုးသားများသည် နံနက်(၅)နာရီတွင်အိပ်ယာမှထပြီးစောစောစာထမင်းစားပြီး (၆)နာရီတွင် လုပ်ငန်းခွင်သို့ သွားကြပါသည်။ နံနက်(၁၁)နာရီတွင် အလုပ်သိမ်းအိမ်ပြန် ရေချိုးထမင်းစားပြီး အနားယူကြပါသည်။ (၁၂)နာရီတွင် နွားစာကျွေးပြီး နေ့လည်(၁)နာရီတွင် လုပ်ငန်းခွင်သို့ သွားရောက်ကြပါသည်။

အမျိုးသားများသည် ညနေ(၆)နာရီတွင် အလုပ်သိမ်းပြီး အိမ်ပြန်ရေချိုးပြီး ထမင်းစား၊ နွားပြီးခြင်းများ ပြုလုပ်ကြပါသည်။ ည(၇)နာရီ (၈)နာရီ အချိန်များတွင် မိသားစုစားဝတ်နေရေး အခြေအနေများအား တိုင်ပင်ဆွေးနွေးကြပါသည်။ ည(၉)နာရီတွင် အိပ်ယာဝင်ကြပါသည်။

မဏ္ဍာပ်ကိုင်းကျေးရွာ၏ အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ အသေးစိတ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေရကြောင်း သိရှိရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးမျိုးမြင့်ဝင်း

ပါဝင်ဆွေးနွေးသူ - ကျား (၃၃) မ (၇၀)

ပင့်ကူအိမ် သုံးသပ်ခြင်း ( Cobweb )

အမျိုးသမီး အဖွဲ့ / အမျိုးသား အဖွဲ့

ရက်စွဲ ၃၁.၁၂.၂၀၁၅




- - - - အမျိုးသား

—— အမျိုးသမီး

မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု
မဏ္ဍပ်ကိုင်းကျေးရွာ အမျိုးသား အမျိုးသမီးကဏ္ဍ အခြေအနေသုံးသပ်ချက်

နေ့စွဲ -၃၁ . ၁၂ . ၂၀၁၅

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍပ်ကိုင်းကျေးရွာ ရွာလယ်စုရပ်ဆောင်တွင် (၃၁.၁၂.၂၀၁၅) ရက်နေ့ နေ့လည် (၁)နာရီတွင် အစည်းအဝေးကို စတင်ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် အမျိုးသား ၊ အမျိုးသမီး ကဏ္ဍ အခြေအနေများကို အပြန်အလှန် သုံးသပ်ဆွေးနွေးကြပါသည်။

အမျိုးသား ၊ အမျိုးသမီးများ၏ ကဏ္ဍအခြေအနေ သုံးသပ်ချက်တွင် ခေါင်းစဉ်ကြီး (၈)ခုဖြင့် ဆွေးနွေးခဲ့ပါသည်။ (၁) ဦးဆောင်မှု (၂) ဝင်ငွေရှာဖွေနိုင်မှု (၃) အိမ်ထောင်စု အပေါ် ဂရုစိုက်မှု (၄) လုံခြုံမှု (၅) ပညာရေးလက်လှမ်းမှီမှု (၆) အရင်းအမြစ်အပေါ်အသုံးချနိုင်မှုနှင့် ပိုင်ဆိုင်မှု (၇) လူမှုရေးကိစ္စတွင်ပါဝင်မှု (၈) အလုပ်အကိုင်အခွင့်အလမ်းရရှိမှု တို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

**ရပ်ရွာတွင်းဦးဆောင်မှုအခြေအနေ**

မဏ္ဍပ်ကိုင်းကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး ဦးဆောင်မှုအခြေအနေတွင် အမျိုးသားများသည် (၇၀) ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက (၅၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် နည်းနေရသည့်အကြောင်းအရင်းမှာ အမျိုးသားများသည် ကျေးရွာရှိ သာရေးနာရေးကိစ္စတွင် ခေါင်းဆောင်နိုင်ပြီး အမျိုးသမီးများသည် ချက်ရေးပြုတ်ရေးများတွင် နေရာယူလုပ်ကိုင်နေရသောကြောင့် အမျိုးသားများက ပို၍ ဦးဆောင်နိုင်ခြင်းဖြစ်သည်။

**ဝင်ငွေရှာဖွေနိုင်မှု**

မဏ္ဍပ်ကိုင်းကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသားများက (၇၅) ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက (၅၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေနည်းရခြင်းမှာ ကျေးရွာတွင် အမျိုးသားများလုပ်ကိုင်ရသော အလုပ်များပြားခြင်း ၊ အမျိုးသားများလုပ်အားခပိုရခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီးများ လုပ်ကိုင်ရသော အလုပ်အကိုင်နည်းပါးခြင်း၊ နီးစပ်ရာ စက်ရုံအလုပ်ရုံတို့ မရှိခြင်းကြောင့် ဖြစ်သည်။

**အိမ်ထောင်စုအပေါ်ဂရုစိုက်နိုင်မှု**

မဏ္ဍပ်ကိုင်းကျေးရွာ၏ အမျိုးသား နှင့်အမျိုးသမီးများ၏ အိမ်ထောင်စုအပေါ် ဂရုစိုက်နိုင်မှုတွင် အမျိုးသားများသည်(၅၀)ရာခိုင်နှုန်း အမျိုးသမီးသည်(၁၀၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည် နေ့စဉ် အဝတ်လျှော်၊ ထမင်းချက်၊ ရေခပ်၊ သန့်ရှင်းရေးလုပ်၊ သားသမီးတို့၏ ဝေယျာဝစ္စများကို ရာနှုန်းပြည့်နေ့စဉ်ဆောင်ရွက်လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် စီးပွားရေးအရဝင်ငွေရသောအလုပ်များကိုသာ လုပ်ကိုင်နေရသောကြောင့် အိမ်မှုကိစ္စများကို အနည်းငယ်သာ ကူညီနိုင်ပါသည်။

## လုံခြုံမှု

အမျိုးသားနှင့်အမျိုးသမီးများ၏ လုံခြုံစိတ်ချမှုတွင်အမျိုးသားများသည်(၁၀၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက (၈၀)ရာခိုင်နှုန်းခန့်ရှိပါသည်။ အမျိုးသမီးများသည် လုံခြုံမှုရာနှုန်းနည်းနေရခြင်းမှာ အမျိုးသားများသည် ညဘက်၊ နေ့ဘက်များတွင် တစ်ယောက်တည်းသွားလျှင် အဆင်ပြေသော်လည်း အမျိုးသမီးများသည် ခန္ဓာဗေဒဖွဲ့စည်းပုံအရ လုံခြုံစိတ်ချရမှုနည်းသဖြင့် တစ်ဦးတည်းသွားလာရေးတွင် အဆင်မပြေခြင်းကြောင့်ဖြစ်ပါသည်။

## ပညာရေးလက်လှမ်းမှီမှု

မဏ္ဍပ်ကိုင်းကျေးရွာ၏ အမျိုးသား နှင့်အမျိုးသမီး ပညာရေးလက်လှမ်းမှီမှု အခြေအနေတွင် အမျိုးသားများမှလည်း (၅၀)ရာခိုင်နှုန်း၊ အမျိုးသမီးများကလည်း (၅၀)ရာခိုင်နှုန်းရှိပါသည်။ ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး ပညာရေးလက်လှမ်းမှီမှုတွင် တန်းတူရှိပါသည်။ ပညာဆက်လက်သင်ကြားလိုသော အမျိုးသားနှင့်အမျိုးသမီးတို့အား ခွဲခြား၍ ပညာဆက်လက် သင်ကြားမှုအား ပိတ်ပင်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

## အရင်းအမြစ်ပေါ်အသုံးချနိုင်မှု

အမျိုးသား နှင့်အမျိုးသမီးများ၏ အရင်းအမြစ်ပေါ်အသုံးချနိုင်မှု အခြေအနေတွင် အမျိုးသားများသည် ( ၉၀ ) ရာခိုင်နှုန်းခန့်ရှိပြီး ၊ အမျိုးသမီးများက (၈၀) ရာခိုင်နှုန်းခန့်ရှိပါသည်။ အမျိုးသားများက အရင်းအမြစ်ပေါ်တွင် အလုပ်အကိုင်များပြားခြင်းနှင့် အမျိုးသမီးများက အလုပ်နည်းပါးသောကြောင့် ဖြစ်ကြပါသည်။

## လူမှုရေးကိစ္စတွင်ပါဝင်မှု

အမျိုးသားနှင့်အမျိုးသမီးများ၏ လူမှုရေးကိစ္စများတွင် ပါဝင်မှုအခြေအနေအား သုံးသပ်ရာတွင် အမျိုးသားများက(၇၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက(၅၀)ရာခိုင်နှုန်းရှိပါသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် အမျိုးသားများက ပါဝင်ကူညီဆောင်ရွက်သကဲ့သို့ အမျိုးသမီးများကလည်းပါဝင်ကူညီဆောင်ရွက်ပါသည်။ သို့သော် အမျိုးသားများသည် ဦးဆောင်ဆွေးနွေးလုပ်ကိုင်သည့် အစဉ်အလာဖြစ်နေသောကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် လူမှုရေးကိစ္စတွင် ပါဝင်မှုနည်းနေခြင်းဖြစ်ပါသည်။

## အလုပ်အကိုင်အခွင့်အလမ်းရရှိမှု

အမျိုးသားနှင့်အမျိုးသမီးများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိမှု အခြေအနေတွင် အမျိုးသားများသည်(၁၀၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများမှာ(၅၀)ရာခိုင်နှုန်းခန့်ရှိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် အလုပ်အကိုင်နည်းရခြင်းမှာ ကျေးရွာတွင်းရှိသော လုပ်ငန်းများသည် အမျိုးသားများသာ ဆောင်ရွက်နိုင်သော လုပ်ငန်းများဖြစ်ခြင်း၊ အမျိုးသမီးများ လုပ်ကိုင်ဆောင်ရွက်နိုင်သော လုပ်ငန်းများနည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ပြဿနာအနှစ်ချုပ်

အမျိုးသားများသည် ဦးစီးမှုများတွင် မိရိုးဖလာအစဉ်အလာများရှိနေခြင်း အလုပ်အကိုင်ရှားပါးခြင်း ၊ အမျိုးသမီးများလုပ်ကိုင်ရသော အလုပ်အကိုင်နည်းပါးခြင်း တို့ဖြစ်ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကျော်မျိုးသူ

ပါဝင်ဆွေးနွေးသူ - ကျား (၃၃) မ (၇၀)

ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] ရက်စွဲ ၃၁-၁၂-၂၀၁၅

| အကြောင်းအရာ | ချမ်းသာ | အလယ်အလတ် | နွမ်းပါး |
|---|---|---|---|
| နေအိမ်အခြေအနေ | ပျဉ်အိမ်၊ သွပ်မိုး | ပျဉ်အိမ်၊ သက်ငယ်မိုး | ဝါး အိမ် |
| စက်ပစ္စည်းပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ဆီစက် | ဆိုင်ကယ် | ရေဒီယို |
| လယ်ယာမြေပိုင်ဆိုင်မှု | စပါး ၅၀ တင်း | စပါး ၄၀ တင်း | – |
| ကျွဲ၊ နွား ပိုင်ဆိုင်မှု | (၂)ကောင် | (၂)ကောင် | – |
| တနှစ်ပျမ်းမျှဝင်ငွေ | ၅၀၀၀၀၀ | ၃၀၀၀၀၀ | ၂၀၀၀၀၀ |
| စားနပ်ရိက္ခာဖူလုံမှု | ၁၂ လ ဖူလုံ | (၈) လဖူလုံ | (၃) လဖူလုံ |
| စုစုပေါင်းအိမ်ထောင်စု | ၂၈ | ၄၅ | ၈၄ |

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် ......ရေစကြို...... ကျေးရွာအုပ်စု ...ကျွန်းဆိပ်ကိုင်... ကျေးရွာ ...ကျွန်းဆိပ်ကြီး... ရက်စွဲ ...၃၁-၁၂-၂၀၁၅...

| အကြောင်းအရာ | ချမ်းသာ | အလယ်အလတ် | နွမ်းပါး |
|---|---|---|---|
| နေအိမ်အခြေအနေ | ပျဉ်အိမ်၊ သွပ်မိုး | ပျဉ်အိမ်၊ သက်ကယ်မိုး | ဝါး အိမ် |
| စက်ပစ္စည်းပိုင်ဆိုင်မှု | ဆိုင်ကယ်၊ ထွန်စက် | ဆိုင်ကယ် | ရေဒီယို |
| လယ်ယာမြေပိုင်ဆိုင်မှု | စပါး ၅၀ တင်း | စပါး ၄၀ တင်း | – |
| ကျွဲ၊ နွား ပိုင်ဆိုင်မှု | (၂)ကောင် | (၂)ကောင် | – |
| တနှစ်ပျမ်းမျှဝင်ငွေ | ၅၀၀၀၀၀ | ၃၀၀၀၀၀ | ၂၀၀၀၀၀ |
| စားနပ်ရိက္ခာဖူလုံမှု | ၁၂ လ ဖူလုံ | (၈) လ ဖူလုံ | (၃) လ ဖူလုံ |
| စုစုပေါင်းအိမ်ထောင်စု | ၂၈ | ၄၅ | ၈၄ |

မကျွှာပ်ကိုင်းကျေးရွာ လူနေမှုအဆင့်သတ်မှတ်ခြင်း

| ချမ်းသာ | အလယ်အလတ် | နွမ်းပါး | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|
| ၂၈ | ၄၆ | ၆၅ | ၁၃၉ | |

## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍာပ်ကိုင်းကျေးရွာအုပ်စု

## မဏ္ဍာပ်ကိုင်းကျေးရွာ၏ ဥစ္စာခနေ ပိုင်ဆိုင်မှု သုံးသပ်ချက်

နေ့စွဲ - ၃၁ . ၁၂ . ၂၀၁၅

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍာပ်ကိုင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ သစ်ဝါးခုတ်လုပ်ခြင်းများ လုပ်ကိုင်ကြပါသည်။ နေအိမ်အခြေအနေမှာ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ဝါးထရံအိမ်၊ သက္ကယ်မိုးအိမ်များ ဖြစ်ကြပါသည်။ အဆင်ပြေမိသားစုများသည် ပျဉ်ကာ၊ ပျဉ်ခင်း သွပ်မိုးနေအိမ်များရှိပြီး လယ်ယာမြေအနည်းငယ် ပိုင်ဆိုင်ကြသည်။ ဆန်စက်၊ ဆိုင်ကယ်၊ စက်ပစ္စည်းများ ပိုင်ဆိုင်ကြသည်။ အသင့်အတင့်မိသားစုအိမ်များသည် သစ်ကြီးအိမ် သွပ်မိုးဖြစ်ပြီး လယ်ယာမြေအနည်းငယ် ပိုင်ဆိုင်ကြသည်။ နွမ်းပါးမိသားစုများသည် လယ်ယာစိုက်ပျိုးချိန်တွင် နေ့စားအလုပ်လိုက်ခြင်းနှင့် စိုက်ပျိုးချိန်မရှိပါက တောထဲတွင် ဝါးသစ်ခုတ်၍ သက္ကကယ်များ ပြုလုပ်၍ ရောင်းချခြင်းများ လုပ်ကိုင်ကြပါသည်။ အဆင်ပြေမိသားစုမှာ (၂၈)အိမ် အသင့်အတင့် မိသားစု(၄၆) အိမ်နှင့် နွမ်းပါး (သာမန်မိသားစု) မှာ (၈၅)အိမ်ခြေရှိပါသည်။

မဏ္ဍာပ်ကိုင်းကျေးရွာတွင် ကြီးအုံ၊ ကြီးဝတမံ တည်ဆောက်ခြင်းကြောင့် ၂၀၁၀ တွင် လယ်ယာမြေများ ရေနက်မြှုပ်သွားသဖြင့် ယာမြေပိုင်ဆိုင်မှုမရှိပါ။ လယ်မြေရှိသော်လည်း မိသားစု စားဝတ်နေရေးထက် ပိုလျှံ၍ ဆန်စပါးများရောင်းရအိမ်သည် (၅)အိမ်ခန့်လောက်သာရှိပါသည်။ လယ်ယာမြေရှားပါး၍ အလုပ်အကိုင်များရှားပါးပါသည်။ တောတောင်ကိုမှီ၍ ဝါးခုတ်ခြင်း၊ တစ်ခြား နိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများရှိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကျော်မျိုးသူ

ပါဝင်ဆွေးနွေးသူ - ကျား (၃၃) မ (၇၀)

## ပြဿနာ သစ်ပင် ရေးဆွဲခြင်း

ရက်စွဲ ၁၀.၁.၂၀၁၆



**မဏ္ဍာပ်ကိုင်းကျေးရွာအုပ်စု မဏ္ဍာပ်ကိုင်းကျေးရွာ၏ ရွာအဝင်လမ်းတက်ပြဿနာ သုံးသပ်ချက်**

နေ့စွဲ - ၁ . ၁ . ၂၀၁၆

နေရာ - စုရပ်ဆောင်

မဏ္ဍာပ်ကိုင်းကျေးရွာ၏ ရွာအဝင်လမ်းတက် ပြဿနာသုံးသပ်ချက် အစည်းအဝေးကို (၁.၁.၂၀၁၆) ရက်နေ့တွင် ကျင်းပဆွေးနွေးခဲ့ပါသည်။

ရွာအဝင်လမ်းတက် အခက်အခဲပြဿနာ အကြောင်းအရင်းများမှာ တောင်တက်လမ်းဖြစ်ခြင်း၊ ခိုင်ခံမှုနည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းမှုနည်းပါးခြင်း၊ ရန်ပုံငွေနည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရွာအဝင်လမ်းတက် အခက်အခဲပြဿနာအကျိုးဆက်များမှာ သွားလာရေးခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ စီးပွားရေး ကူးသန်းရောင်းဝယ်ရေး ခက်ခဲခြင်း၊ ယာဉ်အန္တရာယ်များ စိုးရိမ်ရခြင်း၊ လူနေမှုအဆင့်နိမ့်ကျခြင်းတို့ ဖြစ်ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်သန်းသန်းဆွေ

ပါဝင်ဆွေးနွေးသူ - ကျား (၄၉) ဦး<br>မ (၆၁)

# ပြဿနာ ဖြေရှင်းမှု စက်ဝန်း

မြို့နယ် ခေတ္တရာ ရွာ ကျေးရွာအုပ်စု မကျည်းပင်ကိုင်း ကျေးရွာ မကျည်းပင်ကိုင်း ရက်စွဲ ၁-၁-၂၀၁၆




ပါဝင်ဆွေးနွေးသူ -

ကျား - (၄၉)

မ - (၆၁).

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ.

# မဏ္ဍပ်ကိုင်းကျေးရွာ၏ ရွာအဝင်လမ်းတက်ပြဿနာဖြေရှင်းမှုစက်ဝန်း သုံးသပ်ချက်

နေ့စွဲ -၁.၁.၂၀၁၆

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍပ်ကိုင်းကျေးရွာ၏ ရွာအဝင်လမ်းတက် ပြဿနာဖြေရှင်းမှုစက်ဝန်း သုံးသပ်ချက်ကို ရွာလယ်စုရပ်ဆောင်တွင် (၁.၁.၂၀၁၆) ရက်နေ့တွင် ကျင်းပဆွေးနွေးခဲ့ပါသည်။

မဏ္ဍပ်ကိုင်းကျေးရွာ၏ ရွာအဝင်လမ်းတက်ပြဿနာသည် ကျေးရွာလူထုအားလုံး တစ်နှစ်ပတ်လုံး ခံစားရပါသည်။ ရွာအဝင်လမ်းတက်ပြဿနာဖြေရှင်းမည့် နည်းလမ်းမှာ ကျေးရွာလူထုအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ ဦးဆောင်မည့် ကောမတီဖွဲ့စည်းခြင်း၊ ရန်ပုံငွေရှာခြင်း၊ စက်ကြီးငှားပြုပြင်ခြင်းနှင့် ကျေးရွာတွင် ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ စသည့် ဖြေရှင်းမှုနည်းလမ်းများအား ဆွေးနွေးခဲ့ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်သန်းသန်းဆွေ

ပါဝင်ဆွေးနွေးသူ - ကျား (၄၉) ဦး

မ (၆၁)

မဏ္ဍာပ်ကိုင်း

# ပြဿနာ သစ်ပင် ရေးဆွဲခြင်း

ရက်စွဲ ၁ . ၁ . ၂၀၁၆



# မဏ္ဍာပ်ကိုင်းကျေးရွာ၏ စာသင်ကျောင်း ပြဿနာ သုံးသပ်ချက်

နေ့စွဲ - ၁ . ၁ . ၂၀၁၆

နေရာ - ရွာလယ်စုရပ်ဆောင်

မဏ္ဍာပ်ကိုင်းကျေးရွာ၏ စာသင်ကျောင်း ပြဿနာသုံးသပ်ချက် အစည်းအဝေးကို (၁.၁.၂၀၁၆) ရက်နေ့တွင် စုရပ်ဆောင်၌ ကျင်းပဆွေးနွေးခဲ့ပါသည်။

ကျေးရွာ၏ စာသင်ကျောင်း ပြဿနာ သုံးသပ်ချက်အနေဖြင့် ပြဿနာဖြစ်ရခြင်း အကြောင်းရင်းများမှာ ရန်ပုံငွေနည်းခြင်း၊ ကျောင်းစာသင်ခန်းကျဉ်းခြင်း၊ နည်းပညာနည်းခြင်း၊ ရွာပြောင်းရွှေ့ရခြင်းတို့ကြောင့် ဖြစ်ပါသည်။

စာသင်ကျောင်းပြဿနာဖြစ်ရခြင်း အကျိုးဆက်များမှာ ကျောင်းခန်းအခန်း (၁)ခန်းထဲတွင် အတန်း(၂)တန်း သင်ယူရ၍ အာရုံစူးစိုက်မှုနည်းခြင်း၊ ပညာရေးနိမ့်ကျခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ လူနေမှုအဆင့်နိမ့်ကျခြင်း တို့ဖြစ်ပေါ်လာပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကျော်ဇေယျ

ပါဝင်ဆွေးနွေးသူ - ကျား (၄၉) ဦး
မ (၆၁)

# ပြဿနာ ဖြေရှင်းမှု စက်ဝန်း

မြို့နယ် ............ ကျေးရွာအုပ်စု ............ ကျေးရွာ ............ ရက်စွဲ ၁-၁-၂၀၁၆




ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉ ဦး

မ - ၆၁ ဦး

မှတ်တမ်းတင်သူ

## မကွေးတိုင်းဒေသကြီး ၊ စေတုတ္တရာမြို့နယ် ၊ မဏ္ဍပ်ကိုင်းအုပ်စု မဏ္ဍပ်ကိုင်းကျေးရွာ၏

## စာသင်ကျောင်းပြဿနာဖြေရှင်းမှုစက်ဝန်းသုံးသပ်ချက်

နေ့စွဲ - ၁ . ၁ . ၂၀၁၆

နေရာ - စုရပ်ဆောင်

မဏ္ဍပ်ကိုင်းကျေးရွာ၏ စာသင်ကျောင်း ပြဿနာဖြေရှင်းမှုစက်ဝန်း သုံးသပ်ချက်ကို ဗိုလ်ရွာလယ်စုရပ်ဆောင်တွင် (၁.၁.၂၀၁၆) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

မဏ္ဍပ်ကိုင်းကျေးရွာ၏ စာသင်ကျောင်း အခက်အခဲပြဿနာသည် ကျေးရွာလူထုအတွင်းရှိ ကျောင်းသား ကျောင်းသူအားလုံး ကျောင်းတက်ချိန်တစ်နှစ်ပတ်လုံး ခံစားရပါသည်။ စာသင်ကျောင်းပြဿနာဖြေရှင်းမည့် နည်းလမ်းများမှာ ကျေးရွာလူထုအားလုံး ပူးပေါင်းအကောင်အထည်ဖောရန်၊အကောင်အထည်ဖော်မည့် ကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာလူထုမှပြုပြင် ထိန်းသိမ်းရေးအစီအစဉ်များ၊ ကျေးရွာလူထုမှ ရန်ပုံငွေရှာခြင်းစသည့်ဖြေရှင်းမည့်နည်းလမ်းများအား ဆွေးနွေးခဲ့ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးကျော်ဇေယျ

ပါဝင်ဆွေးနွေးသူ - ကျား (၄၉) ဦး

မ (၆၁)

# ပြဿနာသစ်ပင်ရေးဆွဲခြင်း

ရက်စွဲ...၇...၁၂...၂၀၁၆......




ပါဝင်ဆွေးနွေးသူ- ကျား (၄၈) ဦး၊ မ (၅၉) ဦး

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ မက္ကာပ်ကိုင်းအုပ်စု၊ မက္ကာပ်ကိုင်းကျေးရွာ၏
စုရပ်ဆောင်မရှိခြင်း ပြဿနာ သုံးသပ်ချက်

နေ့စွဲ၊ ၇-၁၂-၂၀၁၆

စတင်ဆွေးနွေးချိန် - ၂ း ၀၀ နာရီ

ပြီးဆုံးချိန် - ၂ း ၄၅ နာရီ

ကြာချိန် - ၄၅ မိနစ်

နေရာ - ရွာလယ်ဇရပ်

ကူတော်ကျေးရွာ၏ ဦးစားပေး လုပ်ငန်းခွဲ အတွက် ပြဿနာသုံးသပ်ချက် အစည်းအဝေးကို ကျေးရွာ၏ ရွာလယ်ဇရပ်တွင် ကျင်းပခဲ့ပါသည်။ ကျေးရွာတွင် စုရပ်ဆောင်မရှိခြင်း အကြောင်းအရင်းမှာ စုရပ်ဆောင်ဆောက်လုပ်ရန် ရံပုံငွေမရှိခြင်း ရံပုံငွေ စုဆောင်းရန် ကျေးရွာနေ ရွာသူရွာသားများ စီးပွားရေး မပြေလည်ခြင်း ရွာသူ၊ ရွာသားအားလုံး ပါဝင်လုပ်ဆောင် လာစေရန် ဦးဆောင် ဦးရွက် ပြုမည့်သူ မရှိခြင်း ပျက်စီးယိုယွင်းမှုမရှိဘဲ ရေရှည်တည်တံ့ ကောင်းမွန်စေရန် ထိန်းသိမ်းမှု နည်းပညာ အားနည်းခြင်း တို့ကြောင့် ဖြစ်ပါသည်။

စုရပ်ဆောင်မရှိခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် ပြဿနာများမှာ အစည်းအဝေး ပြုလုပ်ရန်လုံလောက်သည့် နေရာမရှိခြင်း လက်ရှိအသုံးပြုနေသော ရွာလယ်ဇရပ်မှာ တရွာလုံးစည်းဝေးရန် နေရာကျဉ်းလွန်းခြင်း၊ မြို့နယ်ဌာနများမှ (သို့) အဖွဲ့အစည်းအစုစုမှ သင်တန်းများပေးရန် (သို့) အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လာရောက်ကြသောအခါ လုံလောက်ကျယ်ဝန်းသည့် နေရာမရှိခြင်း တို့ဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော အခက်အခဲ ပြဿနာ များကိုလည်း ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား (၄၈ )ဦး၊ မ (၅၉)ဦး

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

# ပြဿနာသစ်ပင် ဖြေရှင်းမှု စက်ဝန်း

မြို့နယ်...ကော့ကြူကာ.... ကျေးရွာအုပ်စု...မကျွယ်ကိုင်း...ကျေးရွာ...မကျွယ်ကိုင်း... ရက်စွဲ၊ ...၅-၁၂-၂၀၁၆




ပါဝင်ဆွေးနွေးသူ

ကျား - (၄၈) ဦး

မ - (၅၉) ဦး

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ မက္လာပ်ကိုင်းအုပ်စု၊ မက္လာပ်ကိုင်းကျေးရွာ၏

စုရပ်ဆောင်မရှိခြင်း ပြဿနာ ဖြေရှင်းမှု စက်ဝန်းအား သုံးသပ်ချက်

နေ့စွဲ၊ -၇-၁၂-၂၀၁၇

စတင်ဆွေးနွေးချိန် - ၂ း ၅၀ နာရီ

ပြီးဆုံးချိန် - ၃ း ၂၀ နာရီ

ကြာချိန် - ၃၀ မိနစ်

နေရာ - ရွာလယ်ဇရပ်

ကူတော်ကျေးရွာ စုရပ်ဆောင်မရှိခြင်း ပြဿနာအား ဖြေရှင်းမှုစက်ဝန်း သုံးသပ်ချက် အစည်းအဝေးကို ကျေးရွာ ၏ရွာလယ်ဇရပ်တွင် ကျင်းပခဲ့ပါသည်။

ကျေးရွာတွင် စုရပ်ဆောင်မရှိခြင်းကြောင့် ကျေးရွာလူထုအားလုံး အကျိုးဆက်ကို ခံစားနေကြရပါသည်။ ကျေးရွာတွင် စုရပ်ဆောင်မရှိခြင်း ပြဿနာအား ဖြေရှင်းမည့် နည်းလမ်းများမှာ စုရပ်ဆောင်ဆောက်လုပ်ရန် လုံလောက်သည့် ရံပုံငွေ လိုအပ်ခြင်း၊ ဦးဆောင် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း ဖွဲ့ရန်လိုအပ်ခြင်း၊ စုရပ်ဆောင်ဆောက်လုပ်ရန် လိုအပ်သည့် ပစ္စည်း လုပ်အား လိုအပ်ခြင်း၊ ဆောက်လုပ်ပြီးစီးပါက ရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်များ ရေးဆွဲခြင်း၊ ပြုပြင်ထိန်းသိမ်းရေး အဖွဲ့များဖွဲ့စည်းခြင်း၊ ကျေးရွာ ရံပုံငွေရှာဖွေခြင်း စသည်တို့ဖြင့် စုရပ်ဆောင်မရှိခြင်း ပြဿနာအား ဖြေရှင်းရန် နည်းလမ်း အဆင့်ဆင့်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

| | |
|---|---|
| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
| ကျား (၄၈ )ဦး၊ မ (၅၉ )ဦး | ဒေါ်သန်းသန်းဆွေ |

## ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ



# ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ

ဦးညိုအေး
ဦးစိုးမောင်
ဒေါ်သင်းမာ
ဒေါ်ခင်မာဝေ

**ကျေးရွာစီ/ထောက် ဥက္ကဋ္ဌ**

၁။ ဒေါ်ဖိဖိမွန်
၂။ ဦးထွန်းနိုင်ဦး

**ဝယ်ယူရေးဆပ်ကော်မတီ**

ခေါင်းဆောင် - ဦးကျော်ဝင်းသန်း
မှတ်တမ်းထိမ်း - ဦးစိန်ဝင်း
အဖွဲ့ဝင် - ဒေါ်ကိုသန်း

**စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

၁။ ဦးကျော်စိုးဦး
၂။ ဒေါ်ကြူကြူမြင့်
၃။

**လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ**

၁။ ဦးမြင့်ဆွေ
၂။ ဒေါ်ခင်မြင့်ရည်
၃။ ဒေါ်ဘမာတင်

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးအောင်မျိုးဦး
၂။ ဒေါ်သန်းသန်းဦး

**ကျေးရွာဘဏ္ဍာရေးစာရေး**

၁။ ဦးသန်းလင်း

**အကြံပြုဖြေရှင်းရေးကော်မတီ**

၁။ ဦးကိုမြင့်နိုင်
၂။ ဒေါ်တင်မော (၃) ဒေါ်ခင်မြင့်ရီ

ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ ( မဏ္ဍပ်ကိုင်း ကျေးရွာအုပ်စု)

**ကျေးရွာအုပ်စု စီ/ထောက်ဥက္ကဋ္ဌ**

၁။ ဦးလှဌေး

၂။ ဒေါ်နီလာဆွေ

**ဘဏ္ဍာရေးဆပ်ကော်မတီ**

**ဥက္ကဋ္ဌ**

ဦးကံမြင့်အေး

**စာရင်းကိုင်**

ဦးနိုင်ဝင်း

**အဖွဲ့ဝင်**

ဒေါ်သန်းသန်းဦး

**အုပ်စုအဖွဲ့ဝင်**

၁။ ဒေါ်ခင်မြင့်ကြည်

၂။

၃။

၄။

၅။

# ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ ( မဏ္ဍပ်ကိုင်း ကျေးရွာ)

**ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ**

၁။ ဦးလှရွှေ

၂။ ဒေါ်ခင်မြင့်ကြည်

**ဂယ်ယူရေးဆပ်ကော်မတီ**

၁။ ဦးကျော်ထင်းသန့်

၂။ ဦးဇော်မျိုးဦး

၃။ ဒေါ်ရီသန့်

**စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

၁။ ဦးကျော်ရွှေ

၂။ ဒေါ်လေးရီ

၃။ ဖ

**လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ**

၁။ ဦးပေတိုး

၂။ ဒေါ်ခမာအောင်

၃။

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးသိုင်းဆင်းသူ

၂။ ဒေါ်ခင်သီတာဦး

**ကျေးရွာဘဏ္ဍာရေးစာရေး**

ဒေါ်ချောစု

**ဂေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး**

**ကိုယ်စားလှယ်**

၁။ ဦးဇော်လင်း

၂။ ဒေါ်ခင်မြင့်ရီ

၃။ ဒေါ်ကြည်သင်း

## မက္ကုပ်ကိုင်းကျေးရွာ၏ ကျေးရွာလက်စွဲစာအုပ်ပြုလုပ်ခြင်း
## မှတ်တမ်းဓာတ်ပုံများ









ဧရာဝတီတိုင်းဒေသကြီး ၊ [illegible]မြို့နယ် ၊ [illegible]ကျေးရွာအုပ်စု ၊ [illegible]ကျေးရွာ

| စဉ် | လုပ်ငန်း အမျိုးအစား | ဦးစားပေးအဆင့် |
|---|---|---|
| ၁။ | မူလတန်းကျောင်း | ပထမအဆင့် |
| ၂။ | ကျောက်ကြီးဖြင့် ရွာအဝင်လမ်းခင်းတက် | ဒုတိယအဆင့် |
| ၃။ | ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း | တတိယအဆင့် |
| ၄။ | အင်ဂျင် စက်ဖြင့် မီးလင်းရေး | စတုတ္ထအဆင့် |
| ၅။ | ရွာလယ်ခန်းမ | ပဉ္စမအဆင့် |
| ၆။ | ဆေးရုံ | ဆဋ္ဌမအဆင့် |
| ၇။ | မူကြို ကျောင်း | သတ္တမအဆင့် |
| ၈။ | ဆိုလာ မီးလင်းရေး | အဋ္ဌမအဆင့် |
| ၉။ | စာကြည့်တိုက် | နဝမအဆင့် |

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

## လုပ်ငန်းလိုအပ်ချက်များ ဖော်ထုတ်ခြင်း

ရက်စွဲ ၁.၁.၂၀၁၆

အမျိုးသား အဖွဲ့

၁။ ရွာလယ်ပင် ခနိုးမှ.

၂။ အ.မ.က စာသင်ကျောင်း

၃။ လျှပ်စစ် မီးလင်းရေး

၄။ ရွာဝင် လမ်း

၅။ ဆေးပေးခန်း

၆။

၇။

၈။

၉။

အမျိုးသမီး အဖွဲ့

၁။ အ.မ.က စာသင်ကျောင်း ဆောင်

၂။ ခနိုးမှ.

၃။ ရွာတွင်းလမ်း

၄။ မူကြို ကျောင်း

၅။ ဆိုလာမီးလင်းရေး

၆။ စာကြည့် တိုက်

၇။

၈။

၉။

# လုပ်ငန်းဦးစားပေးအလိုက် နှိုင်းယှဉ်ဇယား

ရက်စွဲ ၁.၁.၂၀၁၆

| နှိုင်းယှဉ်ရမည့် / လုပ်ငန်းအမည်များ | ခနိုးမ | မူလတန်းကျောင်း | ဆိုလာမီးလင်းရောင် | ရွာဝင်လမ်း | မူကြို | ရွာတွင်းလမ်း | စာကြည့်တိုက် | ဓာတ်ကြိုးမီးလင်းရောင် | ဆေးခန်း | | | (၇) မှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ခနိုးမ | | မူလကျောင်း | ခနိုးမ | ရွာဝင်လမ်း | ခနိုးမ | လမ်း | ခနိုးမ | မီးလင်းရောင် | ခနိုးမ | | | ၄ | ၃ |
| မူလတန်းကျောင်း | | | မူကျောင်း | ရွာဝင်လမ်း | မူလကျောင်း | မူလကျောင်း | မူလကျောင်း | မူလကျောင်း | မူလကျောင်း | | | ၇ | ၁ |
| ဆိုလာမီးလင်းရောင် | | | | ရွာဝင်လမ်း | မူကြိုကျောင်း | ရွာတွင်းလမ်း | မီးလင်းရောင် | ဓာတ်ကြိုး | ဆေးခန်း | | | ၁ | ၆ |
| ရွာဝင်လမ်း | | | | | ရွာဝင်လမ်း | ရွာတွင်း | ရွာဝင်လမ်း | ရွာဝင်လမ်း | ရွာဝင်လမ်း | | | ၇ | ၁ |
| မူကြို | | | | | | ရွာတွင်းလမ်း | မူကြိုကျောင်း | ဓာတ်ကြိုးမီး | ဆေးခန်း | | | ၂ | ၅ |
| ရွာတွင်းလမ်း | | | | | | | ရွာတွင်း | ရွာတွင်း | ရွာတွင်း | | | ၇ | ၁ |
| စာကြည့်တိုက် | | | | | | | | ဓာတ်ကြိုး | ဆေးခန်း | | | ၀ | ၇ |
| ဓာတ်ကြိုးမီးလင်းရောင် | | | | | | | | | ဓာတ်ကြိုး | | | ၃ | ၂ |
| ဆေးခန်း | | | | | | | | | | | | ၃ | ၄ |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |

| | မူလတန်းကျောင်း | ရွာတွင်းလမ်း | ရွာဝင်လမ်း | ဓာတ်ကြိုးမီးလင်းရောင် | (၇) မှတ် | အဆင့် |
|---|---|---|---|---|---|---|
| မူလတန်းကျောင်း | | မူလတန်းကျောင်း | မူလတန်းကျောင်း | မူလတန်းကျောင်း | ၃ | ၁ |
| ရွာတွင်းလမ်း | | | ရွာဝင်လမ်း | ရွာတွင်းလမ်း | ၁ | ၃ |
| ရွာဝင်လမ်း | | | | ရွာဝင်လမ်း | ၂ | ၂ |
| ဓာတ်ကြိုးမီးလင်းရောင် | | | | | ၀ | ၄ |

မှတ်တမ်းတင်သူ

ဒေါ်နွယ်နွယ်ဝင်း

ကျေးရွာလူမှုရေး အဆောက်အဦးဆိုင်ရာ အခက်အခဲများအပေါ် ခန့်မှန်း ငွေကြေး တွက်ချက်မှုဇယား

ရက်စွဲ ၁-၁-၂၀၁၅

| စဉ် | ဦးစားပေး ဖြေရှင်းရမည့် အခက်အခဲ | ဖြေရှင်းနည်း | လိုအပ်သော ဘဏ္ဍာငွေ ပမာဏ | ဆောင်ရွက်မည့် ကာလ | တာဝန်ခံမည့် အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | စာသင်ခန်း ကျဉ်းခြင်း | စာသင်ကျောင်း ဆောက်လုပ်ခြင်း | သိန်း (၂၀၀) | ၂၀၁၅ | ယူထုပယိုဖြ စီမံကိန်း | |
| ၂။ | လမ်းမကောင်းခြင်း | လမ်းတကော် ပြုပြင်ခြင်း | သိန်း (၅၀) | ၂၀၁၆ | ။ | |
| ၃။ | ရွာတွင်းလမ်း ကြမ်းခြင်း | ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း | သိန်း ၁၂၅ | ၂၀၁၇ | ။ | |
| ၄။ | မီးလင်းရောင် မရှိခြင်း | နေရောင် မီးလင်းရေး | သိန်း ၁၉၀ | ၂၀၁၈ | ။ | |
| ၅။ | ဆေးဂပ်အခန်းကျဉ်းခြင်း | ရွာလယ် ဆောက်ရန် | သိန်း ၉၅ | — | ။ | |
| ၆။ | ကျောင်းမှာရေ ခက်ခဲခြင်း | ရေအိမ် | သိန်း (၂၀၀) | — | ။ | |
| ၇။ | ကလေးငယ်များ ပညာမသင်ရခြင်း | မူကြိုကျောင်း | သိန်း (၆၅) | — | ။ | |
| ၈။ | မီးလင်း မရှိခြင်း | ဆိုလာ စီးဆင်းရေး | သိန်း ၄၀၀ | — | ။ | |
| ၉။ | ဗဟုသုတ ကျဉ်းခြင်း | စာကြည့်တိုက် | သိန်း ၅၀ | — | ။ | |
| ၁၀။ | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - ၄၉

မ - ၆၂

မှတ်တမ်းတင်သူ

ဒေါ်နွယ်နွယ်ဝင်း

## လုပ်ငန်းလိုအပ်ချက်များ ဖော်ထုတ်ခြင်း

ရက်စွဲ ၇.၁၂.၂၀၁၅

**အမျိုးသား အဖွဲ့**

၁။ စုဂုပ်ဆောင်.

၂။ ရွာတွင်းလမ်း

၃။ ရွာချင်းဆက်လမ်း

၄။ တံတား

၅။ ရေမြောင်း

၆။ မီးလင်းရေး

၇။

၈။

၉။

**အမျိုးသမီး အဖွဲ့**

၁။ စုဂုပ်ဆောင်

၂။ ရွာတွင်းလမ်း

၃။ ရွာချင်းဆက်လမ်း

၄။ တံတား

၅။ မီးလင်းရေး

၆။ အိမ်တွင်းမှုသင်တန်း

၇။ စက်ရုံ များတည်ဆောက်ခြင်း

၈။ ဆေးပေးခန်း

၉။

ကျေးရွာလူမှုရေးအဆောက်အဦးဆိုင်ရာအခက်အခဲများအပေါ် ခန့်မှန်းငွေကြေးတွက်ချက်မှုဇယား

ကျေးရွာ-မက္ကာပ်ကိုင်း

ရက်စွဲ- ၇.၁၂.၂၀၁၆

| စဉ် | ဦးစားပေးဖြေရှင်းရမည့်အခက်အခဲ | ဖြေရှင်းနည်း | လိုအပ်သောဘဏ္ဍာငွေပမာဏ | ဆောင်ရွက်သည့်ကာလ | တာဝန်ခံမည့်အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | လူစုလူဝေးပြုလုပ်ရာတွင်ခက်ခဲခြင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း | ၁၇၀၀၀၀၀၀ | ၂၀၁၇ | လူထုဗဟိုပြုစီမံကိန်း | |
| ၂ | လမ်းသားရေတိုက်စားခြင်း | ကွန်ကရစ်ရေမြောင်း | ၂၅၀၀၀၀၀ | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| ၃ | နွံ့ထူသဖြင့်သွားလာရခက်ခဲခြင်း | ရွာတွင်းလမ်းသဲခင်းခြင်း | ၉၀၀၀၀၀၀ | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| ၄ | နွံ့ထူခြင်း၊ချောက်စားခြင်း | ရွာချင်းဆက်လမ်းသဲခင်းခြင်း | ၃၅၀၀၀၀၀ | ၂၀၁၉ | ကျေးလက်ဌာန | |
| ၅ | ချောက်စားခြင်း | ကွန်ကရစ်တံတား | ၇၀၀၀၀၀၀ | ၂၀၁၉ | ကျေးလက်ဌာန | |
| ၆ | ညအချိန်မီးအလင်းရောင်မရှိခြင်း | မီးလင်းရေး | ၈၀၀၀၀၀၀ | ၂၀၂၀ | မြို့နယ်လျှပ်စစ် | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား-(၄၈) ဦး

မ - (၅၉) ဦး

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

# လုပ်ငန်းဦးစားပေးအလိုက် နှိုင်းယှဉ်ဇယား

ကျေးရွာ......မကွေးဘက်ဝိုင်း......  ရက်စွဲ......၇-၁၂-၂၀၁၆......

| လုပ်ငန်းခွဲများ | စုရပ်ဆောင် | ရွာတွင်းလမ်း | ရွာချင်းဆက်လမ်း | တံတား | ရေမြောင်း | မီးလင်းရေး | | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|
| စုရပ်ဆောင် | | စုရပ်ဆောင် | စုရပ်ဆောင် | စုရပ်ဆောင် | စုရပ်ဆောင် | စုရပ်ဆောင် | | ၅ | ၁ |
| ရွာတွင်းလမ်း | | | ရွာတွင်းလမ်း | ရွာတွင်းလမ်း | ရေမြောင်း | ရွာတွင်းလမ်း | | ၃ | ၃ |
| ရွာချင်းဆက်လမ်း | | | | ရွာချင်းဆက်လမ်း | ရေမြောင်း | ရွာချင်းဆက်လမ်း | | ၂ | ၄ |
| တံတား | | | | | ရေမြောင်း | တံတား | | ၁ | ၅ |
| ရေမြောင်း | | | | | | ရေမြောင်း | | ၄ | ၂ |
| မီးလင်းရေး | | | | | | | | ၀ | ၆ |
| | | | | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - (၄၈) ဦး

မ - (၅၂) ဦး

မှတ်တမ်းတင်သူ

ဒေါ်သန်းသန်းဆွေ

ပုံစံ-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | |
|---|---|---|---|---|
| လမ်းညွှန်ချက်/ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါလူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည်ဤအချက်အလက်များအားစစ်ဆေးပြီးမှန်ကန်အောင်ပြုလုပ်ရမည်။ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူးအမည် ဦးမျိုးလွင် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ဖုန်းနံပါတ် 09-781005373 | | လူထုစည်းရုံးရေးမှူး၏အမည် ဒေါ်သင်းသင်းအေး | |
| ပြည်နယ်/တိုင်းဒေသကြီး မကွေး | မြို့နယ် စေတုတ္တရာမြို့ | | ကျေးရွာအုပ်စု မညာပင်ကိုင် | ကျေးရွာ မညာပင်ကိုင် |

က. လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၁၅၈ | ဘာသာ(၁)---ဗုဒ္ဓ--- | ၁၅၉ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစုရော-ဗမာ--ချင်း | ၁ | ဘာသာရော------------ | |
| | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | ၃၀၄ | ၃၄၀ |
| အိမ်ထောင်ဦးစီး | ၁၅၂ | ၇ |

(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အဦ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
